


**VOLUME IV, ISSUE 23** 13 November 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃) ကျင်းပ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာရော်ဘာဖိုရမ် -၂၀၂၃ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား | ၁၀ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ | ၁၄ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စစ်အုပ်ချုပ်ရေးအမိန့်များထုတ်ပြန် | ၁၆ |
| ၅ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၂၉ ) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ ဆွေးနွေးဖက်နိုင်ငံများဖြင့် ကျင်းပသော ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက် | ၂၂ |
| ၆ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad ကို လက်ခံတွေ့ဆုံ | ၂၄ |
| ၇ | ပြည်ထောင်စုဝန်ကြီးများ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou အား လက်ခံတွေ့ဆုံ | ၂၅ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈ | ပြည်ထောင်စုဝန်ကြီးများ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို အသီးသီးလက်ခံတွေ့ဆုံ | ၂၈ |
| ၉ | ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ | ၃၀ |
| ၁၀ | ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကမ္ဘာ့အင်တာနက်ညီလာခံ (ဂူကျန်းထိပ်သီး အစည်းအဝေး)သို့ တက်ရောက် | ၃၂ |
| ၁၁ | ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့် Japan Myanmar Association ၏ Vice Chairman တို့အား သီးခြားစီ လက်ခံတွေ့ဆုံ | ၃၄ |
| ၁၂ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက် | ၃၅ |
| ၁၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ | ၃၆ |
| ၁၄ | ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များရှိ နေရာအချို့ကို အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက် | ၃၇ |
| ၁၅ | ကိုးကန့်ဒေသ၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက် | ၃၉ |
| ၁၆ | စက်သုံးဆီနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက် | ၄၁ |
| ၁၇ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ | ၄၂ |
| ၁၈ | နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ် | ၄၆ |
| ၁၉ | အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများ ထပ်မံပေးပို့လှူဒါန်း | ၄၇ |
| ၂၀ | စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက်ရှိ | ၅၀ |
| ၂၁ | PDF အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ်၊ မြင်းချင်းကျေးရွာရှိ မင်္ဂလာဆောင်ပွဲနှင့် သီးလုံးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ ဆွမ်းကျွေးအလှူပွဲကို Drop Bomb များဖြင့် ပစ်ချတိုက်ခိုက် | ၅၁ |

# Information Sheet

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃) ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၃) ကို နိုဝင်ဘာလ ၈ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က-

- လတ်တလောဖြစ်ပွားလျက်ရှိသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖြစ်စဉ်များနှင့် ဆက်စပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြလိုကြောင်း။

- အောက်တိုဘာ ၂၇ ရက်တွင် လောက်ကိုင်ဒေသ၊ ချင်းရွှေဟော်ကို အဓိကထား၍ MNDAA သောင်းကျန်းသူအဖွဲ့များက တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ အဆိုပါဖြစ်စဉ်သည် သာမန်အားဖြင့် MNDAA မှတိုက်ခိုက်ခြင်းဖြစ်သော်လည်း သမိုင်းအရဆက်စပ်မှုများရှိနေကြောင်း။

- ၂၀၀၉ ခုနှစ်တွင် လောက်ကိုင်ဒေသ၌ ဖုန်ကြားရှင်ဦးစီးသည့် အထူးဒေသ (၁) ရှိကြောင်း၊ အဆိုပါဒေသတွင် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချခြင်း၊ လက်နက်ခဲယမ်းများထုတ်လုပ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသဖြင့် တပ်မတော်အနေဖြင့် ဆောင်ရွက်ခြင်းမပြုရန် တားဆီးခဲ့ကြောင်း။

- သို့သော် လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် မိမိကိုယ်တိုင်ဦးစီး၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် မူးယစ်ဆေးဝါးထုတ်လုပ်သည့်စက်ရုံများ၊ လက်နက်ခဲယမ်းထုတ်လုပ်သည့် စက်ရုံများကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးမြောက်များစွာ ဖမ်းဆီးရမိခဲ့ကြောင်း။

- ထိုသို့တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ခြင်းကြောင့် ဖုန်ကြားရှင်နှင့် အဖွဲ့သည် အဆိုပါနေရာမှ ဆုတ်ခွာသွားကြောင်း၊ ၎င်းတို့နေရာတွင် ဦးပယ်ဆောက်ချိန် ဦးဆောင်သည့်အဖွဲ့ကို ယာယီအနေဖြင့် တာဝန်ပေးဆောင်ရွက်ခဲ့ပြီး ကိုးကန့်ဒေသပြန်လည် ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း။



- ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲဆောင်ရွက်ပြီးချိန်တွင် ဦးယယ်ဆောက်ချိန်အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီဥက္ကဋ္ဌ အဖြစ်တာဝန်ပေးအပ်ခဲ့ကြောင်း။

- ဖုန်ကြားရှင်အဖွဲ့အနေဖြင့် ဆုတ်ခွာပြီးနောက်ပိုင်းတွင် အထူးဒေသ(၄) မိုင်းလားၵ္ သွားရောက်နေထိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ကျန်းမာရေးမကောင်းမှုကြောင့် ၎င်းကိုစွဲဆိုထားသည့် အမှုများမှကင်းလွတ်ခွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း။

- မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးအတွက် အရှည်မျှော်တွေး၍ ဆောင်ရွက်ပေးခဲ့သော်လည်း လိုက်နာမှုမရှိဘဲ အခွင့်အရေးရသည်နှင့်အစိုးရကို ဆန့်ကျင်ရန်၊ ကိုးကန့်နယ်မြေအတွင်း အာဏာပြန်လည်တည်ဆောက်ရန်သာ အမြဲဦးတည် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များတွင်လည်း ဦးဆောင်သူအနေဖြင့် ဖုန်ကြားရှင်၏သား ဖုန်တာရွှင်မှ ဦးဆောင်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

- ၎င်းအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများကို ဆောင်ရွက်ပြီး အဆိုပါလုပ်ငန်းမှရရှိသည့်ဝင်ငွေဖြင့် အင်အားတောင့်တင်းရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် NLD အစိုးရမတက်မီအချိန်အထိ မိမိတို့နေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း။

- သို့သော် ၂၀၁၇ ခုနှစ်နောက်ပိုင်းတွင် လောက်ကိုင်ဒေသအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများများပြားလာသည့်အပြင် အခြားတရားမဝင် လုပ်ငန်းများလည်း ပါဝင်လာကြောင်း၊ အထူးသဖြင့် လောင်းကစားဝိုင်းကိစ္စများဖြစ်ကြောင်း။

- ထိုသို့လုပ်ဆောင်မှုများတွင် တစ်ဖက်နိုင်ငံသားများကလာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လာကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားချိန်နောက်ပိုင်းတွင် ၎င်းလောင်းကစားဝိုင်းများသည် အွန်လိုင်းလောင်းကစားမှုများအဖြစ် အသွင်ပြောင်း၍ ဆက်လက်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရကြောင်း။

- အဆိုပါအချိန်တွင် ဖုန်ကြားရှင်အဖွဲ့များက လောက်ကိုင်ဒေသအား အထူးဒေသ(၁)အဖြစ် ပြန်လည်အခြေချလည်ပတ်နိုင်ရေး တောင်းဆိုမှုများပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့၏ သြဇာကိုပြန်လည်တည်ဆောက်လိုခြင်းဖြစ်ကြောင်း။

- လောက်ကိုင်ဒေသတွင် ဖုန်အုပ်စုနှင့် ရန်အုပ်စုဟူ၍ရှိကြောင်း၊ ၁၉၉၈-၁၉၉၉ ခုနှစ် ဝန်းကျင်ခန့်တွင် ဖုန်/ရန် အရေးအခင်း ဖြစ်ပွားခဲ့ကြောင်း၊ ယင်းနောက်ပိုင်း ဖြစ်ပွားခဲ့သည့် ဖုန်/ရန်အရေးအခင်းတွင် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ရန်မိုးလျံအုပ်စုကို ပြည်တွင်းဒေသအချို့တွင် နေရာချထားပေးခဲ့ကြောင်း။




- ၂၀၁၉ ခုနှစ်နောက်ပိုင်း ဦးပယ်ဆောက်ချိန်အုပ်စုအား တာဝန်ပေးအပ်ခဲ့ခြင်းအပေါ် ၎င်းတို့အနေဖြင့်ကျေနပ်မှု မရှိခဲ့ကြောင်း၊ ထို့ကြောင့် တိုက်ခိုက်မှုများ လုပ်ဆောင်ရန် အတွက် ၎င်းတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း။

- အဓိကအားဖြင့် မူဆယ်နှင့် ချင်းရွှေဟော်ဒေသသည် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကထားဆောင်ရွက်သည့် နေရာဒေသဖြစ်ကြောင်း၊ လောက်ကိုင်မြို့သည် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏မြို့ဖြစ်ကြောင်း။

- MNDAA အဖွဲ့အနေဖြင့် ၎င်းတို့၏ဩဇာအာဏာကို ပြန်လည်တည်ဆောက်ရန်အတွက် ယခုကဲ့သို့တိုက်ခိုက်မှုများကို လုပ်ဆောင်လာခြင်းဖြစ်ကြောင်း။

- ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်ရန်အတွက် ၂၀၂၂ ခုနှစ်မှစတင်၍ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့သည်ကို သိရှိရကြောင်း၊ MNDAA အဖွဲ့အနေဖြင့် တိုက်ခိုက်မှုများလုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေး ၎င်းတို့၏ မဟာမိတ်ပြုထားသော အဖွဲ့များနှင့် အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြောင်း၊ **ထိုကဲ့သို့တိုက်ခိုက်မှုလုပ်ဆောင်ရန်ပြင်ဆင်နေခြင်းကို MNDAA အဖွဲ့၏ မဟာမိတ်များနှင့် ယင်းတို့၏မိတ်ဆွေများ အားလုံးသိရှိကြကြောင်း။**

- မိမိအနေဖြင့် NCA လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်ထားပြီး တပ်မတော်အနေဖြင့် NCA လမ်းကြောင်းအတိုင်းသာလျှောက်လှမ်းနေခြင်းဖြစ်ကြောင်း။

- **မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များထမ်းဆောင်ချိန်တွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုနှင့် ဆူပူမှုများကို ဖြေရှင်းဆောင်ရွက်နေရခြင်းကြောင့် လောက်ကိုင်ဒေသကို အာရုံစိုက်မှုနည်းပါးခဲ့ကြောင်း၊** MNDAA သောင်းကျန်းသူများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုမှရရှိသည့် အကျိုးအမြတ်များကိုခံစားလိုပြီး ၎င်းတို့၏အာဏာကို တည်ဆောက်လိုခြင်းကြောင့် ယခုဖြစ်စဉ်များဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း။

- လောက်ကိုင်ဒေသနှင့် ပတ်ဝန်းကျင်မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၀၆ ခုနှစ်မှစ၍ ကြီးမားသည့် မူးယစ်ဆေးဝါးဖြစ်စဉ် ၁၈ ခုရှိပြီး ဖမ်းဆီးရမိမှုအနေဖြင့် ၈၂ ကြိမ်၊ တရားခံပေါင်း ၁၄၀ ဦး၊ ကာလတန်ဖိုးငွေ ၇၁ ဒသမ ၅၉ ဘီလီယံဖိုး ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးမှရရှိသည့် အကျိုးအမြတ်များကို သိရှိခြင်းကြောင့်

MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသကို ပြန်လည်ရရှိအောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

- ၂၀၂၂ ခုနှစ်အတွင်း ၎င်းဒေသ၌ အွန်လိုင်းငွေကြေးလိမ်လည်မှုများ များပြားလာခဲ့ကြောင်း၊ အဆိုပါအွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်နေသူများမှာ တစ်ဖက်နိုင်ငံသားများပိုင်ဆိုင်သည့် ဟိုတယ်လုပ်ငန်းများဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း။
- လောက်ကိုင်နှင့် ချင်းရွှေဟော်ဒေသတွင် ဟိုတယ် ၁၅၃ ခုရှိကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုချက်ဖြင့်ဆောက်လုပ်ထားသော ဟိုတယ် ၁၂ လုံးသာရှိပြီး ကျန်ဟိုတယ် ၁၄၁ ခုမှာ လောက်ကိုင်ဒေသအုပ်ချုပ်ရေးအဖွဲ့၏အစီအစဉ်ဖြင့် လုပ်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း။
- ၎င်းဟိုတယ်အများစုမှာ တစ်ဖက်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံ ဆောက်လုပ်ထားသည့် ဟိုတယ်များဖြစ်သည်ကိုတွေ့ရကြောင်း၊ အများစုမှာ ၂၀၁၈ ခုနှစ် နောက်ပိုင်း၌တည်ဆောက်ခဲ့ပြီး အဆင့်မြင့် ၁၂ ထပ် ၁၃ ထပ်အဆောက်အဦများကိုပင် တစ်နှစ်အတွင်း အပြီးတည်ဆောက်ခဲ့သည်ကိုတွေ့ရကြောင်း။
- အဆိုပါဟိုတယ်များ၌ အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အခြားတရားမဝင် လုပ်ငန်းများဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ အဆိုပါဟိုတယ်များအား စိစစ်ဖော်ထုတ်အရေးယူ ဆောင်ရွက်သည့်အချိန်တွင် တရုတ်နိုင်ငံသား ၇,၃၉၅ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၈၉ ဦး၊ ထိုင်းနိုင်ငံသား ၁၆၂ ဦး၊ မလေးရှားနိုင်ငံသား ၃၂ ဦးနှင့် လာအိုနိုင်ငံသား ၂ ဦး စုစုပေါင်း ၇,၇၈၀ ဦး ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ဖမ်းဆီးရမိသူများထဲမှ တရုတ်နိုင်ငံသား ၆,၈၉၂ ဦးအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ကျန်ရှိသူများကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း။
- အဆိုပါဒေသအတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်ခြင်းများမရှိစေရေး တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးနှင့် ဆွေးနွေးသဘောတူချက်အတိုင်း နှစ်နိုင်ငံ Task Force ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- MNDAA အနေဖြင့် "၀" နယ်မြေအတွင်း၌ ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ခဲ့ပြီး အဓိကအင်အားများကို အောက်တိုဘာလ ၂၇ ရက်တွင် နမ့်တစ်တံတားမှ ချင်းရွှေဟော်သို့ဖြတ်ဝင်၍တိုက်ခိုက်ခဲ့ကြောင်း။
- အဆိုပါမနက်ပိုင်းတွင် နမ့်တစ်ချောင်းအားဖြတ်ကူး၍ ချင်းရွှေဟော်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ လောက်ကိုင်ဒေသနှင့် ချင်းရွှေဟော်ဒေသရှိ လုံခြုံရေးစခန်းများမှာ စစ်ဆင်ရေးစခန်းများမဟုတ်ဘဲ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် စခန်းများသာဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် Drone များအသုံးပြု၍ Drop Bomb များ အများအပြားအသုံးပြု တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း။
- ဖြစ်စဉ်တွင် MNDAA နှင့်အတူ KIA ၊ TNLA ၊ AA နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ပါဝင်ခဲ့သည်ကိုတွေ့ရကြောင်း၊ အဓိကအနေဖြင့် MNDAA နှင့် TNLA အဖွဲ့မှ ဖြစ်ကြောင်း။
- ၎င်းတို့အနေဖြင့်တစ်ဖက်မှ ချင်းရွှေဟော်အားတိုက်ခိုက်ပြီး တစ်ပြိုင်တည်းတွင် ကွမ်းလုံကို စိမ့်ဝင်လာသည့်အဖွဲ့များဖြင့် ထိုးဖောက်တိုက်ခိုက်ခဲ့ကြောင်း၊ TNLA ကလည်း သိန္နီကို ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်နိုင်အောင် တိုက်ခိုက်ခဲ့ကြောင်း၊ လားရှိုးမြို့ကိုလည်း နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ နောင်ချိုအနီး မန္တလေး-လားရှိုး ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်အောင် ပိတ်ဆို့တိုက်ခိုက်ခဲ့ကြောင်း။
- ထိုသို့ MNDAA မှတိုက်ခိုက်လျက်ရှိချိန်တွင် KIA အနေဖြင့် ကချင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ စခန်းငယ်တစ်ခုကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တုန့်ပြန်မှုများ ဆောင်ရွက်ခဲ့ကြောင်း။

- ယခုအခါ မိမိတို့အနေဖြင့် ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ MNDAA အဖွဲ့အနေဖြင့်လည်း ထိခိုက်ကျဆုံးမှုများစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သောပြန်လည်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

- မူဆယ်နှင့် ချင်းရွှေဟော်ဒေသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျသည့်လမ်းကြောင်းဖြစ်သည်ကို MNDAA အနေဖြင့်သိရှိပြီးဖြစ်ကြောင်း၊ လာမည့်နိုဝင်ဘာ ၁၁ ရက်နေ့တွင် တရုတ်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ခဲ့သော ကွမ်းလုံတံတားသစ်ဖွင့်လှစ်ရန်အတွက် စီစဉ်ပြီးဖြစ်ကြောင်း။

- ယခုကဲ့သို့ အခြေအနေနှင့် အချိန်အခါ၌ MNDAA က ၎င်းဒေသကိုတိုက်ခိုက်လာသည်မှာ များစွာသတိပြုသင့်သောအချက်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးကို ထိခိုက်စေနိုင်ကြောင်း၊ ဖြစ်စဉ်တွင် မိမိတို့နိုင်ငံမှကျည်ဆံများ တရုတ်နိုင်ငံအတွင်း ကျရောက်သည်ဟု ပြောဆိုမှုများကြောင့် နှစ်ဖက်တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း။

- မိမိတို့အနေဖြင့် နယ်စပ်ဒေသဖြစ်သဖြင့် စစ်ဆင်ရေးဆောင်ရွက်ရာတွင် အထူးပင်ကန့်သတ်ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ သို့သော် တစ်ဖက်အဖွဲ့အစည်းများအနေဖြင့် လက်လွတ်စပယ်လုပ်ဆောင်ခဲ့မှုနှင့် နှစ်နိုင်ငံအထင်အမြင်လွဲအောင် လုပ်ဆောင်နေမှုများရှိကြောင်း၊ သာမန်အရပ်သူ၊ အရပ်သားများ ထိခိုက်အောင် လုပ်ဆောင်နေမှုများ ရှိကြောင်း။

- ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဖြစ်စဉ်များဖြစ်ပွားနေချိန်အတွင်း ပွဲလန့်တုန်းဖျာခင်းသည့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့နေရာများတွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်မှုများလုပ်ဆောင်လာကြောင်း။

- ထိုသို့လုပ်ဆောင်ရာတွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများနှင့်အတူ KIA နှင့် AA အဖွဲ့တို့လည်းပါဝင်သည်ကိုတွေ့ရကြောင်း၊ တွေ့ရှိရသည့် အခြေအနေများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့အသိပေး တင်ပြခြင်းဖြစ်ကြောင်း။

- ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသဖြစ်စဉ်များတွင် MNDAA အဖွဲ့အနေဖြင့် Drone များကို အဓိကထားအသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ Drone များမှာ တရုတ်နိုင်ငံထုတ် ကုန်ထုတ်လုပ်ငန်းသုံး Drone များဖြစ်ပြီး ဈေးကွက်တွင်လွယ်ကူစွာဝယ်ယူ၍ရနေကြောင်း။

- ဒေသခံများအနေဖြင့် ယခုဖြစ်စဉ်များ၌ ပါဝင်လိုသည့်စိတ်မရှိသည်ကိုတွေ့ရကြောင်း၊ သို့သော် အတင်းအဓမ္မအင်အားစုဆောင်းခြင်းများကြောင့် ပါဝင်ခဲ့ရသူများရှိကြောင်း၊ ပြည်သူ့စစ်အများစုအနေဖြင့် တပ်မတော်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေကြောင်း။

- ယခုဖြစ်စဉ်များဖြစ်ပွားချိန်တွင် နယ်မြေခံပြည်သူလူထုအနေဖြင့် MNDAA အဖွဲ့သတင်းအား တပ်မတော်ထံ ပေးပို့မှုများရှိပြီး ထိထိရောက်ရောက် ပြန်လည်တုံ့ပြန်မှုများကို ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း။

- MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသတွင် အာဏာပြန်လည်တည်ဆောက်နိုင်ရေး၊ TNLA အဖွဲ့အနေဖြင့် ပလောင်ပြည်နယ်ရရှိရေး၊ ကိုးကန့်အနေဖြင့် ကိုးကန့်ပြည်နယ်ရရှိရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

- ပြည်သူများအနေဖြင့် လွန်ခဲ့သည့်ရက်များမှစ၍ တပ်မတော်၏ လိုအပ်ချက်များကို ပါဝင်ကူညီပေးမှုများရှိကြောင်း၊ ရန်ကုန်၊ မန္တလေး၊ တိုင်းစစ်ဌာနချုပ်များနှင့် ပြည်နယ်အစိုးရများရှိသည့် မြို့နယ်များတွင် ပြည်သူများမှ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် ရှေ့တန်းရောက်တပ်မတော်သားများအတွက် ပစ္စည်းများလှူဒါန်းခြင်းများကို ဆောင်ရွက်ပေးကြကြောင်း။

- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မထိခိုက်စေရေးအတွက် ပြည်သူလူထုနှင့်ပူးပေါင်း၍ လိုအပ်သည့်လက်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။





ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စစ်ဘေးရှောင်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ပေးအပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများ၏အခြေအနေ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ စုပေါင်း၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များနှင့် NUG လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး အမြန်ဆုံးပြန်လည်ရရှိအောင် ဆောင်ရွက်ရေးနှင့် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ပေးနေမှု ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင်-

- အဓိကကျသည့်အချက် ၂ ချက်ကို ဦးစွာထောက်ပြလိုကြောင်း၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေးဖြစ်ကြောင်း၊ ယနေ့ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့် ပြဿနာ၏အစမှာ မူးယစ်ဆေးဝါးပြဿနာပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးမှ ရရှိသောငွေများဖြင့် အာဏာရရှိရေးကို လက်နက်ကိုင်လမ်းစဉ်ဖြင့် သက်ဆက်ခဲ့ကြောင်း။
- ၎င်းလမ်းစဉ်ဖြင့် မူးယစ်ဆေးထုတ်လုပ်၊ သယ်ဆောင်ရောင်းချမှုကို ကာကွယ်ခဲ့ကြောင်း၊ လောင်းကစားကဲ့သို့ တရားမဝင်လုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြဿနာ၏အရင်းအမြစ်ဖြစ်သည့် မူးယစ်ဆေးဝါး အမြစ်ပြတ်နှိမ်နင်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။
- ထို့သို့ဆောင်ရွက်နိုင်ရန် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်မြှင့်မားရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးရဲတပ်ဖွဲ့နှင့် လက်နက်ကိုင်ရဲတပ်ဖွဲ့ဟူ၍နှစ်မျိုးရှိကြောင်း။





- တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိက တာဝန်ရှိသော်လည်း မိမိတို့နိုင်ငံ၏သမိုင်းကြောင်းအရ ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ကို ယခုထက်စွမ်းရည်တိုးတက်မြင့်မားရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

- ချင်းရွှေဟော်ဒေသမှ တိမ်းရှောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအား ပြန်လည်ခေါ်ဆောင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ပြောကြားခဲ့ပါသည်။

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေက လက်ရှိဖြစ်ပွားနေသည့် နယ်စပ်ဒေသ သောင်းကျန်းသူများအရေးကိစ္စနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ယခုကဲ့သို့ စွမ်းစွမ်းတမံမဆောင်ရွက်ပါက တိုင်းပြည်အစိတ်စိတ်အမွှာမွှာကွဲသွားနိုင်ကြောင်း၊ ယခုကိစ္စသည် သေသေချာချာ စနစ်တကျ ကိုင်တွယ်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ တိုင်းပြည်အတွက် အရေးကြီးသည့်ကာလတွင် တစ်နိုင်ငံလုံးက တပ်မတော်ကို ထောက်ခံအကူအညီပေးရန်လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် အသက်စွန့်တာဝန်ထမ်းဆောင် ကာကွယ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ အတိုင်းအတာတစ်ခုအထိ တည်ငြိမ်မှုရရှိနေခြင်းဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးတင်ပြချက်များကို မှတ်တမ်းတင်ပါကြောင်း ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးမြင့်ဆွေ တို့တက်ရောက်ကြသည်။

**(မြဝတီသတင်းစာ ၉-၁၁-၂၀၂၃)**



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး
ရာပြည့် ရှင်းလင်းတင်ပြနေမှု



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ
ရှင်းလင်းတင်ပြနေမှု




နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှင်းလင်းတင်ပြနေမှု




ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးမြင့်ဆွေ
ရှင်းလင်းတင်ပြနေမှု



- မူဆယ်နှင့် ချင်းရွှေဟော်ဒေသသည် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကထား ဆောင်ရွက်သည့်နေရာဒေသဖြစ်ကြောင်း၊ လောက်ကိုင်မြို့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏မြို့ဖြစ်။

- MNDAA အဖွဲ့အနေဖြင့် ၎င်းတို့၏သြဇာအာဏာကို ပြန်လည်တည်ဆောက်ရန်အတွက် ယခုကဲ့သို့ တိုက်ခိုက်မှုများကို လုပ်ဆောင်လာခြင်းဖြစ်။

- MNDAA အနေဖြင့် “ဝ” နယ်မြေအတွင်း၌ ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ခဲ့ပြီး အဓိကအင်အားများကို အောက်တိုဘာလ ၂၇ ရက်တွင် နမ့်တစ်တံတားမှ ချင်းရွှေဟော်သို့ဖြတ်ဝင်၍တိုက်ခိုက်ခဲ့။

- လောက်ကိုင်ဒေသနှင့် ချင်းရွှေဟော်ဒေသရှိ လုံခြုံရေးစခန်းများမှာ စစ်ဆင်ရေးစခန်းများမဟုတ်ဘဲ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် စခန်းများသာဖြစ်၊ ၎င်းတို့အနေဖြင့် Drone များအသုံးပြု၍ Drop Bomb များ အများအပြားအသုံးပြု တိုက်ခိုက်ခဲ့ခြင်းဖြစ်၊ ဖြစ်စဉ်တွင် MNDAA နှင့်အတူ KIA ၊ TNLA ၊ AA နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များပါဝင်ခဲ့သည်ကိုတွေ့ရ၊ အဓိကအနေဖြင့် MNDAA နှင့် TNLA အဖွဲ့မှ ဖြစ်။

- ယခုဖြစ်စဉ်များဖြစ်ပွားချိန်တွင် နယ်မြေခံပြည်သူလူထုအနေဖြင့် MNDAA အဖွဲ့သတင်းအား တပ်မတော်ထံ ပေးပို့မှုများရှိပြီး ထိထိရောက်ရောက် ပြန်လည်တုံ့ပြန်မှုများကို ဆောင်ရွက်နိုင်သည်ကို တွေ့ရ။

- MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသတွင် အာဏာပြန်လည်တည်ဆောက်နိုင်ရေး၊ TNLA အဖွဲ့အနေဖြင့် ပလောင်ပြည်နယ်ရရှိရေး၊ ကိုးကန့်အနေဖြင့် ကိုးကန့်ပြည်နယ်ရရှိရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်။

- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မထိခိုက်စေရေးအတွက် ပြည်သူလူထုနှင့်ပူးပေါင်း၍ လိုအပ်သည့် လက်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၉ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC–II)၌ ကျင်းပသည့် မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင်-

- "မြန်မာရော်ဘာဖိုရမ်-၂၀၂၃" ကို ရော်ဘာထုတ်လုပ်မှုနှင့် အရည်အသွေးတိုးတက် မြင့်မားရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရော်ဘာအခြေခံတန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အဖွဲ့အစည်းများ၊ မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်လာစေရေးဆိုသည့် ရည်ရွယ်ချက် (၃) ရပ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဆောင်ပုဒ်မှာ **"ရော်ဘာကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ ထုတ်လုပ်မှုနှင့် တန်ဖိုးမြင့် ထုတ်ကုန်မြှင့်တင်ပေး"** ဟု သတ်မှတ်ထားပါကြောင်း။

- စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၉ ခုတွင် ဧက ၁ ဒသမ ၆၄ သန်း စိုက်ပျိုးထားရှိပြီး၊ အစေးခြစ်ဧက ၁ သန်းနီးပါးမှ ရော်ဘာတန်ချိန် ၃ သိန်းကျော်ထွက်ရှိပါကြောင်း။

- နှစ်စဉ်ထွက်ရှိသည့် ရော်ဘာထဲမှ ပြည်တွင်းသုံးစွဲမှုအနေဖြင့် တန်ချိန်နှစ်သောင်းကျော်ခန့်ရှိပြီး ပြည်ပကိုတန်ချိန် ၃ သိန်းခန့် တင်ပို့လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ရော်ဘာတန်ချိန် ၄ သိန်းခန့် တင်ပို့နိုင်ရေး လျာထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း။

- ရော်ဘာတင်ပို့မှုမှ နိုင်ငံခြားငွေရရှိမှုအနေဖြင့် ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာသန်း ၂၅၀ မှ ၄၅၀ ကြားတွင်ရရှိခဲ့သည့်အတွက် ရော်ဘာသီးနှံသည် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် အရေးပါသည့် စက်မှုသီးနှံတစ်ခုဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

- ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန်အမယ်များတွင် ရော်ဘာလုပ်ငန်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း။

- မြန်မာနိုင်ငံအနေဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို မဟာဗျူဟာအစီအစဉ်များရေးဆွဲပြီး ကာလတို၊ ကာလရှည်စီမံကိန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

- ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် ပြည်တွင်းသုံးစွဲမှု ဖူလုံအောင်ဆောင်ရွက်ရေး၊ ပိုလျှံသည့် ရော်ဘာများကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရေးနှင့် သွင်းကုန်




အစားထိုးထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဟူ၍ အပိုင်းသုံးပိုင်းခွဲခြား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

- ပြည်တွင်း၌ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ တိုးတက်အောင် ပံ့ပိုးဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော်ဘာဈေးကွက်ရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည့်အတွက် စက်ဘီးနှင့်မော်တော်ဆိုင်ကယ်တာယာများ၊ ကျွတ်များကို ပြည်တွင်း၌ မဖြစ်မနေထုတ်လုပ်ရန် အလေးအနက်ထား တိုက်တွန်းရခြင်းဖြစ်ပါကြောင်း။

- မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုရော်ဘာဖိုရမ်၌ ဆွေးနွေးရုံနှင့်မပြီးဘဲ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရော်ဘာလုပ်ငန်းရှင်များ၊ ရော်ဘာစိုက်တောင်သူများ စသည့် သက်ဆိုင်သူများအားလုံး အတူတကွပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စိုက်ပျိုးရေးဦးစီးဌာန မြန်မာ့ရော်ဘာ စိုက်ပျိုးမှုဆိုင်ရာပြခန်းများ၊ ရော်ဘာစိုက်ပျိုးရေးခြံသုံး စက်ပစ္စည်းပြခန်းများ၊ ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ကားတာယာများ၊ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများ၊ ကျွတ်များနှင့် ရော်ဘာထုတ်ကုန်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ ရော်ဘာလုပ်ငန်းကဏ္ဍ ပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ ပြည်တွင်း Development Partner များ၊ ပညာရှင်များ၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာ့သဘာဝရော်ဘာ ရေရှည်တည်တံ့မှု ဖော်ဆောင်ရေးအသင်း၊ ရော်ဘာအဝယ်ဒိုင်များ၊ ပြုပြင်ထုတ်လုပ်သည့်စက်ရုံများ၊ ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်းထုတ်လုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၁-၂၀၂၃)**




- စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၉ ခုတွင် ဧက ၁ ဒသမ ၆၄ သန်း စိုက်ပျိုးထားရှိပြီး အစေးခြစ်ဧက ၁ သန်း နီးပါးမှ ရော်ဘာတန်ချိန် ၃ သိန်းကျော်ထွက်ရှိ။

- နှစ်စဉ်ထွက်ရှိသည့် ရော်ဘာထဲမှ ပြည်တွင်းသုံးစွဲမှုအနေဖြင့် တန်ချိန်နှစ်သောင်းကျော်ခန့်ရှိကာ ပြည်ပကို တန်ချိန် ၃ သိန်းခန့်တင်ပို့လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ရော်ဘာတန်ချိန် ၄ သိန်းခန့် တင်ပို့နိုင်ရေး လျာထားကြိုးပမ်းဆောင်ရွက်လျက်ရှိ။

- ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန် အမယ်များတွင် ရော်ဘာလုပ်ငန်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်။

- မြန်မာနိုင်ငံအနေဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို မဟာဗျူဟာအစီအစဉ်များရေးဆွဲပြီး ကာလတို၊ ကာလရှည်စီမံကိန်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လို။

- ပြည်တွင်း၌ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ တိုးတက်အောင် ပံ့ပိုးဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော်ဘာဈေးကွက်ရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်။

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**








# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က နိုဝင်ဘာလ ၉ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး တို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် Mr. Alexander Sergeevich SHATIROV နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာနှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာမှုအခြေအနေများ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ သဘာဝသယံဇာတများ ထိန်းသိမ်းနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၁-၂၀၂၃)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







- တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်အချို့အား စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်အချို့အား အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် နိုဝင်ဘာလ ၁၂ ရက်တွင် အမိန့်အမှတ်အသီးသီးဖြင့် ထုတ်ပြန်ခဲ့ပါသည်။

- အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ကွတ်ခိုင်၊ ကွမ်းလုံ၊ နမ့်ခမ်း၊ မူဆယ်၊ လားရှိုးနှင့် သိန်းနီမြို့နယ်တို့၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ်၊ ၁၀/ ၂၀၂၃ ဖြင့် လည်းကောင်း၊
- ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူးအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) နယ်မြေဖြစ်သည့် ကုန်းကြမ်းနှင့် လောက်ကိုင်မြို့နယ်တို့၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ်၊ ၁၁/ ၂၀၂၃ ဖြင့်လည်းကောင်း အမိန့်ထုတ်ပြန်အပ်နှင်းခဲ့။

အဆိုပါဒေသများရှိ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ ကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးနိုင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၁၁-၂၀၂၃)**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၀ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေးတရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ကွတ်ခိုင်မြို့နယ်
(ခ) ကွမ်းလုံမြို့နယ်
(ဂ) နမ့်ခမ်းမြို့နယ်
(ဃ) မူဆယ်မြို့နယ်
(င) လားရှိုးမြို့နယ်
(စ) သိန်းနီမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၁ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေးတရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူးအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ကုန်းကြမ်းမြို့နယ်
(ခ) လောက်ကိုင်မြို့နယ်

၂။ ဒေသကွပ်ကဲရေးမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၂ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၀/ ၂၀၂၃ နှင့် အမိန့်အမှတ် ၁၁/၂၀၂၃ တို့ဖြင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) ဒေသကွပ်ကဲရေးမှူးတို့အား စစ်အုပ်ချုပ်ရေးဒေသ အဖြစ်ကြေညာထားသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)တို့၏ နယ်မြေများဖြစ်သည့် သတ်မှတ်မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာ နချုပ်(လောက်ကိုင်) ဒေသကွပ်ကဲရေးမှူးတို့၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦးသို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**

(၁) လုံခြုံရေးကိစ္စရပ်များ၊

(၂) လူမှုရေးကိစ္စရပ်များ၊

(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊

(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

( ခ ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထား

---

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ် ၈ မြို့နယ်အား အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် အမိန့်ထုတ်ပြန်ခဲ့။**

သော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးကပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်၊

(ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊

(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာအတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူး တို့၏ အတည်ပြုချက်ရရှိမှသာအတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။

(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။

(ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့လျှော့ပေါ့ ပြောင်းလဲခြင်း။

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ(၁၅)ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ်

၃

ဒေသကွပ်ကဲရေးမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှု စီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊

( ခခ ) ပြစ်ဒဏ်ကို လျော့ပေါ့စေခြင်း၊

( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျော့ပေါ့ပြောင်းလဲခြင်း၊

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(ဂ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(ခ)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် စစ်အုပ်ချုပ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်းဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

၄

နောက်ဆက်တွဲဇယား(က)

## စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊

၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊

၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊

၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောက်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊

၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊

၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊

၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊

၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊

၉။ လူသတ်မှု၊

၁၀။ လူသေမှု၊

၁၁။ မုဒိမ်းမှု၊

၁၂။ လုယက်မှု၊

၁၃။ ဓားပြမှု၊

၁၄။ အဂတိလိုက်စားမှု၊

၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အရပြစ်မှုများ၊

၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊

၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေး ဥပဒေအရပြစ်မှုများ၊

၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊

# ၅

၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊

၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။

၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊

၂၂။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရပြစ်မှုများ၊

၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး လာအိုနိုင်ငံ၌ ဆွေးနွေးဖက်နိုင်ငံများဖြင့်ကျင်းပသော ဝန်ကြီးများအဆင့် အစည်းအဝေးများသို့ တက်ရောက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လွမ်ပရာဘန်မြို့တွင် နိုဝင်ဘာလ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသော (၂၉) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၂၂) ကြိမ်မြောက် အာဆီယံ - တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၂၁) ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၁၄) ကြိမ်မြောက် အာဆီယံ - ကိုရီးယားပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် ခရီးသွားလာရေးဝန်ကြီးများ၏ ကြားဖြတ်အွန်လိုင်းအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး နိုဝင်ဘာလ ၁၁ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

- နိုဝင်ဘာလ ၉ ရက်တွင် (၂၉) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်ပြီး အာဆီယံပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ၊ အာဆီယံလေကြောင်းပို့ဆောင်ရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ အာဆီယံအမြန်လမ်းကွန်ရက်နှင့်စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ ပြင်ဆင်ချက်လက်မှတ်ရေးထိုးရေးကိစ္စ၊ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့။

- နိုဝင်ဘာလ ၉ ရက်တွင် (၂၂) ကြိမ်မြောက် အာဆီယံ - တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ အာဆီယံ-တရုတ်ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံပါ လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မှုနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘေးကင်းလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့။

- နိုဝင်ဘာလ ၁၀ ရက်တွင် နှစ်(၅၀)ပြည့် အာဆီယံ - ဂျပန် မိတ်ဖက်ဆက်ဆံရေး ထူထောင်မှုအခမ်းအနား၊ နှစ်(၂၀)

ပြည့် အာဆီယံ - ဂျပန် ပို့ဆောင်ရေးပူးပေါင်း ဆောင်ရွက်မှု အထိမ်းအမှတ်အခမ်းအနားများနှင့် အွန်လိုင်းဖြင့် ကျင်းပသော (၂၁) ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးသို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့။

- နိုဝင်ဘာလ ၁၀ ရက်တွင် (၁၄) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ကာလအတွင်း အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လမ်းပြမြေပုံပါလုပ်ငန်းစဉ်များနှင့် အာဆီယံ - ကိုရီးယားလေကြောင်း သဘောတူစာချုပ် ချုပ်ဆိုရေးကိစ္စရပ်များကို ဝန်ကြီးများအကြား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- နိုဝင်ဘာလ ၁၀ ရက်တွင် အွန်လိုင်းဖြင့် ကျင်းပသော အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် ခရီးသွားလာရေးဝန်ကြီးများ၏ ကြားဖြတ်အစည်းအဝေး၊ မြန်မာ-လာအို နှစ်နိုင်ငံပို့ဆောင်ရေးဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်ပြီး အာဆီယံနိုင်ငံများ၏ စီးပွားရေးပြန်လည်ကောင်းမွန်စေရန် ခရီးသွားလုပ်ငန်းများမြှင့်တင်ရေးအတွက် ကဏ္ဍနှစ်ရပ်စလုံးမှ ကိုယ်စားလှယ်များ ပါဝင်သောလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်နှင့် မဲခေါင်မြစ်ရေ လမ်းကြောင်းကောင်းမွန်ရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

အဆိုပါအစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ ပို့ဆောင်ရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဘာသာရပ်ဆိုင်ရာ အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံခရီးသွားလာရေး ဝန်ကြီးများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၁၁-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ၌ ဆွေးနွေးဖက်နိုင်ငံများဖြင့်ကျင်းပသည့် ဝန်ကြီးများအဆင့် အစည်းအဝေးများသို့ တက်ရောက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပို့ဆောင်ရေးကဏ္ဍ အပါအဝင် ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid ကို လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid ကို နိုဝင်ဘာလ ၉ ရက်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် လိုအပ်နေသည့် ပြည်သူများထံသို့ လူသားချင်း စာနာထောက်ထားမှုအကူအညီများ အဆင်ပြေချောမွေ့စွာ ပေးအပ်နိုင်ရေး နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ UNOCHA ရုံး၏ ဒုတိယအကြီးအကဲဖြစ်သူ Ms. Danielle Parry တို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအား လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာအစိုးရနှင့် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် လိုအပ်နေသည့် ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ အဆင်ပြေချောမွေ့စွာ ပေးအပ်နိုင်ရေးနည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီးများ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou အား လက်ခံတွေ့ဆုံ



**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou အား လက်ခံတွေ့ဆုံနေမှု**


ပြည်ထောင်စုဝန်ကြီးများသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou ဦးဆောင်သောအဖွဲ့အား နိုဝင်ဘာလ ၉ ရက်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီး၏ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်-

- **ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်တွေ့ဆုံရာတွင်** ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်စွန့်ခွာသူများအား မြန်မာနိုင်ငံမှ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်နှင့် UNHCR နှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့။

- **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တွေ့ဆုံစဉ်** ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- **နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်တွေ့ဆုံစဉ်** နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေသည့်အစီအမံများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များတွင် လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

- **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် တွေ့ဆုံရာတွင်** ရခိုင်ပြည်



**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou အား လက်ခံတွေ့ဆုံနေမှု**

နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့။

- **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တွေ့ဆုံစဉ်** ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်နေမှု၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ခွင့်ဗီဇာနှင့် ပြည်တွင်းခရီးသွားလာခွင့်ကိစ္စများ၊ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

အစည်းအဝေးများသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဗန်ကောက်မြို့အခြေစိုက် UNHCR ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ နယူးယောက်မြို့အခြေစိုက် UNHCR ဆက်ဆံရေးရုံး၏ ညွှန်ကြားရေးမှူး၊ ဗန်ကောက်မြို့အခြေစိုက် UNHCR ၏အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး၏ အကြီးတန်းနိုင်ငံရေးရာအရာရှိ၊ ရန်ကုန်မြို့အခြေစိုက် UNHCR ရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်နှင့် ပြင်ပဆက်ဆံရေးအရာရှိတို့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီးတို့ တွေ့ဆုံ၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်စွန့်ခွာသူများအား မြန်မာနိုင်ငံမှ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်နှင့် UNHCR နှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့။**




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou အား လက်ခံတွေ့ဆုံနေမှု




ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou အား လက်ခံတွေ့ဆုံနေမှု




ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လက်ထောက်မဟာမင်းကြီး Mr. Raouf Mazou အား လက်ခံတွေ့ဆုံနေမှု

# ပြည်ထောင်စုဝန်ကြီးများ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို အသီးသီးလက်ခံတွေ့ဆုံ



**ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့(Ros-Congress Investments Fund) မှ Mr. SHATIROV Alexander Sergeevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာလ ၈ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

- **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံစဉ်** မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ နေပြည်တော်ကောင်စီ၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးများ၌ ပူးပေါင်းဆောင်ရွက်မည့် သဘာဝမြေသြဇာစက်ရုံ တည်ဆောက်ရန် မြေနေရာကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုကိစ္စ စီစဉ်ဆောင်ရွက်ပေးရန်နှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့။
- **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံစဉ်** မြန်မာနိုင်ငံတွင် အဆင့်မြင့်နည်းပညာအသုံးပြု၍ ဘူမိဗေဒမြေပုံရေးဆွဲခြင်း၊ ဓာတ်သတ္တုရှာဖွေစမ်းသပ်ခြင်းနှင့် ဓာတ်သတ္တုဆိုင်ရာအချက်အလက်များ စုစည်းသုံးသပ်ခြင်းကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့။
- **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံစဉ်** မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံမှ ယခင်ကာလများကပင် ကူညီပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ ထုတ်လုပ်မှုများမှ နေရောင်ခြည်စွမ်းအင်နှင့် အပူစွမ်းအင်စီမံကိန်းများတွင် ရုရှားကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ စီမံကိန်းများတွင် မြန်မာနိုင်ငံမှ ပြည်တွင်းကုမ္ပဏီများနှင့် ရှေ့ဆက်



**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု**

ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့။

- **စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံစဉ်**

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စများ၊ ကုန်းတွင်းနှင့် ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် နည်းပညာဆိုင်ရာအထောက်အပံ့ရရှိရေးနှင့် Digital Monitoring Software အသုံးပြုနိုင်ရေး၊ အထွက်နှုန်းကျဆင်းနေသည့် ကုန်းတွင်းရေနံမြေများနှင့် အလားအလာကောင်းများရှိသော ရေနံမြေများတွင် ရုရှားကုမ္ပဏီများနှင့်ပူးပေါင်း၍ အထွက်နှုန်းတိုးမြှင့်နိုင်ရေး၊ ကျောက်မီးသွေးသိုက်များအတွင်း ခိုအောင်းနေသည့် သဘာဝဓာတ်ငွေ့များအား တိုက်ရိုက်ထုတ်ယူခြင်း (Coal bed Methane) နှင့်စပ်လျဉ်း၍ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ကူညီပံ့ပိုးပေးနိုင်ရေး၊ ရေနံချက်စက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံများ အဆင့်မြှင့်တင်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာအကူအညီ ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံခဲ့ပြီး သဘာဝမြေဩဇာစက်ရုံတည်ဆောက်ရန် မြေနေရာကိစ္စ၊ ဓာတ်သတ္တုရှာဖွေစမ်းသပ်ခြင်းနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာစီမံကိန်းများ၊ စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့။**



ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု

## ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ


ပြည်ထောင်စုဝန်ကြီးများသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၁၀ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ ဧည့်ခန်းမများ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

- **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းနှင့် တွေ့ဆုံရာတွင်** မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်နှင့် အပူစွမ်းအင်သုံးစီမံကိန်းများတွင် ရုရှားကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။

- **စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် တွေ့ဆုံရာတွင်** မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု

မည့် အခြေအနေများ၊ ရေနံချက်စက်ရုံများနှင့် ဓာတ်မြေသြဇာစက်ရုံများအား အဆင့်မြှင့်တင် မွမ်းမံပြုပြင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် တွေ့ဆုံစဉ်** မြန်မာ-ရုရှားနှစ်နိုင်ငံ ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားများ အပြန်အလှန်သွားလာ လည်ပတ်ရေး၊ နှစ်နိုင်ငံခရီးစဉ်ဒေသများသို့ တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲပေးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့။

တွေ့ဆုံဆွေးနွေးပွဲအသီးသီးသို့ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၃)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု

- **ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးတို့တွေ့ဆုံ၍ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကမ္ဘာ့အင်တာနက်ညီလာခံ (ဝူကျန်းထိပ်သီးအစည်းအဝေး)သို့ တက်ရောက်

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျဲ့ကျန်းပြည်နယ်၊ ဝူကျန်းမြို့၌ နိုဝင်ဘာလ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ ဝူကျန်းထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် နိုဝင်ဘာလ ၆ ရက်တွင် ဝူကျန်းမြို့သို့ ရောက်ရှိခဲ့ပါသည်။

- နိုဝင်ဘာလ ၇ ရက်တွင် ဒစ်ဂျစ်တယ်အထောက်အကူပြု သရုပ်ပြဧရိယာတည်ဆောက်ရေး ပြပွဲဆိုင်ရာလုပ်ရှားမှု အစီအစဉ်အခမ်းအနားသို့ အာရှ - အာဖရိကနှင့် အီးယူနိုင်ငံများမှ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာဥက္ကဋ္ဌနှင့် အကြီးအကဲများ၊ အဆင့်မြင့်တာဝန်ရှိသူများနှင့် ကျဲ့ကျန်းပြည်နယ်မှ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ တရုတ်နိုင်ငံမှ နည်းပညာဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ပြီး ကျေးလက်ဒေသများတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ရေး၊ 5G အနာဂတ်၊ ဒစ်ဂျစ်တယ်လယ်ယာစိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်း ပေါင်းစပ်မြှင့်တင်ရေးကိစ္စများကို ဆွေးနွေးခဲ့။
- နိုဝင်ဘာလ ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ အင်တာနက်မြို့ပြပွဲအခမ်းအနားသို့ တက်ရောက်၍ အနာဂတ်တွင် 5G+ နည်းပညာမြို့တော်အဖြစ် တည်ဆောက်ရေး၊ AI နည်းပညာကို အသုံးပြု၍ Smart City မြို့တော်တည်ဆောက်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဂေဟာစနစ်အခန်းကဏ္ဍများတွင် ဒစ်ဂျစ်တယ်ယဉ်ကျေးမှု အသုံးပြုမှု ပိုမိုတိုးတက်စေရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့။
- နိုဝင်ဘာလ ၈ ရက်တွင် ဝူကျန်းမြို့ Convention Center ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ (ဝူကျန်းထိပ်သီးအစည်းအဝေး)သို့ တက်ရောက်၍ ဝူကျန်း




ထိပ်သီးအစည်းအဝေးကို "အားလုံးအတွက် အကျိုးရှိပြီးခံနိုင်ရည်ရှိသော ဒစ်ဂျစ်တယ်ကမ္ဘာတစ်ခုဖန်တီးခြင်း- ဆိုက်ဘာဝန်းကျင်တွင် အတူတကွမျှဝေခံစားသည့် လူမှုအသိုက်အဝန်းတစ်ခုတည်ဆောက်ခြင်း" ဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ ဒစ်ဂျစ်တယ်ကမ္ဘာကို လူတိုင်းဝင်ရောက်ခွင့် (Access) အာမခံနိုင်ရမည်ဖြစ်ပြီး ဒစ်ဂျစ်တယ်သိနားလည်မှု (Digital Literacy)ကို တိုးမြှင့်ရေးနှင့် မသန်စွမ်းသူများအသုံးပြုနိုင်မည့် နည်းပညာများကိုလည်း ဖန်တီးပေးကြရမည်ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်ကမ္ဘာမှာပါဝင်လာမည့် လူတစ်ဦးချင်းစီတိုင်းအတွက် ဒစ်ဂျစ်တယ်ခြိမ်းခြောက်မှု (Digital Threats)များမှ အကာအကွယ်ပေးနိုင်မည့် ခိုင်မာအားကောင်းသော ဆိုက်ဘာလုံခြုံရေးအစီအမံတွေကိုလည်း ဦးစားပေးလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ သတင်းအချက်အလက်များ (Data) အကာအကွယ်ပေးရေးနှင့် နယ်စပ်ဖြတ်ကျော်သတင်းအချက်အလက် စီးဆင်းမှုများ စနစ်တကျရှိစေရေးအတွက် သတင်းအချက်အလက်များကို တာဝန်ရှိစွာအသုံးပြုမှု responsible use of data များကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့။

ဝူကျန်းထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အတူ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်ပေါင်း ၁,၀၀၀ ကျော် တက်ရောက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ အင်တာနက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ အကြံဉာဏ်များ၊ အတွေ့အကြုံများကို မျှဝေဆွေးနွေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၁၁-၂၀၂၃)**

- **ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျဲ့ကျန်းပြည်နယ်၊ ဝူကျန်းမြို့၌ နိုဝင်ဘာလ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ ဝူကျန်းထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့် Japan Myanmar Association ၏ Vice Chairman တို့အား သီးခြားစီလက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Dr. Md. Monwar Hossain ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၁၀ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပြီး နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန် သာမက အခြားထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Japan Myanmar Association ၏ Vice Chairman Mr. Watanabe Yusuke ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံ၍ နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်သာမက အခြားထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့။**
- **ပြည်ထောင်စုဝန်ကြီးသည် Japan Myanmar Association ၏ Vice Chairman အား တွေ့ဆုံ၍ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် နိုဝင်ဘာလ ၁၀ ရက်တွင် လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးတို့သို့ အွန်လိုင်းမှ ပါဝင်တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက-

- အာဆီယံဒေသတွင်း ခရီးသွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ခရီးသွားလုပ်ငန်းနှင့် ပို့ဆောင်ရေးကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။
- အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့နှင့် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအကြား အထူးလုပ်ငန်းအဖွဲ့တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် အဆိုပြုချက်ကို ကြိုဆိုထောက်ခံကြောင်း။
- ဒေသတွင်းခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံအနေဖြင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့။

အစည်းအဝေးသို့ အာဆီယံပို့ဆောင်ရေးဝန်ကြီးများ၊ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များ၊ အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ၊ အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့် ကိုယ်စားလှယ်များ၊ နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးအဖွဲ့ (IATA)နှင့် နိုင်ငံတကာ အပျော်စီးသင်္ဘောလုပ်ငန်းအဖွဲ့ (CLIA) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး နိုဝင်ဘာလ ၁၀ ရက်တွင် လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးတို့သို့ အွန်လိုင်းမှ တက်ရောက်ခဲ့။**

- **အစည်းအဝေးတွင် အာဆီယံဒေသတွင်း ခရီးသွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ခရီးသွားလုပ်ငန်းနှင့် ပို့ဆောင်ရေးကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့နှင့် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအကြား အထူးလုပ်ငန်းအဖွဲ့တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် အဆိုပြုချက်ကို ကြိုဆိုထောက်ခံကြောင်း ပြောကြားခဲ့။**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ လက်ခံတွေ့ဆုံနေမှု**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် နိုဝင်ဘာလ ၁၀ ရက်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain ကို လက်ခံတွေ့ဆုံခဲ့ပါသည်။

- **ရုရှားနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ်** မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ငွေပေးချေမှုနှင့် ခရီးသွားကဏ္ဍ ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် ငွေပေးမှုဆိုင်ရာ ကတ်စနစ် အပြန်အလှန်အသုံးပြုစေရေးနှင့် ကုန်သွယ်မှုတွင် ဘဏ်လုပ်ငန်းမှ ပံ့ပိုးဆောင်ရွက်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။

- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ်** နှစ်နိုင်ငံကုန်သွယ်ရေး ပိုမိုတိုးတက်စေရန်အတွက် ဘင်္ဂလားဒေ့ရှ်တာကာ/မြန်မာကျပ်တို့နှင့် ကုန်သွယ်မှုတွင် တိုက်ရိုက်ငွေပေးချေရေးအား ဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ခြင်းကိစ္စရပ်အပါအဝင် နှစ်နိုင်ငံဘဏ်များကြား လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၃)**



မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ လက်ခံတွေ့ဆုံနေမှု

- **တွေ့ဆုံစဉ် မြန်မာ-ရုရှား၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နိုင်ငံများအကြား ငွေပေးချေမှုကိစ္စရပ်များနှင့် ဘဏ်များကြားလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များရှိ နေရာအချို့ကို အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များရှိ နေရာအချို့ကို အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ ကောလာဟလ သတင်းတု၊ သတင်းအမှားများ ထွက်ပေါ်နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ပြောကြားချက်များမှာ-

- ရှမ်းပြည်နယ်(မြောက်ပိုင်း) တိုက်ပွဲဖြစ်ပွားမှုအနေဖြင့် ကွမ်းလုံမြို့တွင် တိုက်ပွဲဆက်လက်ဖြစ်ပွားလျက်ရှိရာ ကွမ်းလုံမြို့၏အချို့နေရာများတွင် MNDAA သောင်းကျန်းသူများ ရောက်ရှိနေပြီး ကွမ်းလုံဗျူဟာနှင့် ကွပ်ကဲမှုအောက်တပ်များသည် ရန်သူများအား ရက်သတ္တတစ်ပတ်ခန့် ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်လျက်ရှိကြောင်း။
- TNLA စီးနင်းဝင်ရောက်လျက်ရှိသော သိန္နီမြို့အား မိမိတို့တပ်များက ပြန်လည်လွှမ်းမိုးမှုရရှိပြီးဖြစ်ကြောင်း။
- လားရှိုးမြို့အနီးတစ်ဝိုက်နှင့် ကွတ်ခိုင်တစ်ဝိုက်တွင်ရှိသည့် သောင်းကျန်းသူပူးပေါင်းအဖွဲ့များကိုလည်း ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း။
- မုန်းကိုးနှင့် ချင်းရွှေဟော်တို့တွင် လက်လွှတ်ခဲ့ရသည့်နေရာများရှိသော်လည်း အဆိုပါနေရာများအား ပြန်လည်၍ လုံခြုံမှုတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။
- စစ်ကိုင်းတိုင်းဒေသကြီးတွင် PDF နှင့် KIA တို့ပူးပေါင်း၍ တိုက်ကွက်ဖော်လျက်ရှိပြီး ကောလင်းမြို့နှင့် ထီးချိုင့်မြို့တို့တွင် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း။
- ရန်သူများအနေဖြင့် နယ်မြေတစ်ခုလုံးကို သိမ်းပိုက်နိုင်သည့်ပုံစံကဲ့သို့ ဝါဒဖြန့်ချိလျက်ရှိပြီး ထိုဝါဒဖြန့်ချိမှုနှင့်အတူ ကောလဟာလများကြောင့် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများရှိကြောင်း။




- ပြည်သူများအနေဖြင့်လည်း အဆိုပါကာလဟာလ ဝါဒဖြန့်ခြိမ်းခြောက်မှုများကို သတိရှိရန်လိုကြောင်း။
- မိမိတို့အနေဖြင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ ချင်းရွှေဟော်၊ မုန်းကိုး၊ ကိုးကန့်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထီးချိုင့်၊ ကသာ၊ ကောလင်း တို့ကို လုံခြုံမှုပြန်လည်ရရှိရေး အမြန်ဆောင်ရွက်လျက်ရှိကြောင်း။
- အဆိုပါဒေသများတွင် ဖြစ်ပွားနေသော အခြေအနေများကို အသုံးချကာ တည်ငြိမ်အေးချမ်းမှုကို လိုလားသော ပြည်သူလူထုတစ်ရပ်လုံးအား အကြောက်တရားနှင့် စိုးရိမ်မှုများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဝါဒဖြန့်ချိမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် လုပ်ဆောင်လျက်ရှိပြီး စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။
- ပြည်သူလူထုအနေဖြင့် အဆိုပါကောလဟာလများအပါအဝင် ဝါဒဖြန့်ခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ နားမယောင်ရန်၊ မကြောက်ရွံ့ရန်နှင့် လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။
- ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သား/ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်မိသားစုဝင်အားလုံးကို နိုင်ငံတော် အကြီးအကဲ တပ်မတော်အကြီးအကဲများအနေဖြင့် အမြဲအထူးဂရုပြုလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် မကြာမီအချိန်ကာလအတွင်း တည်ငြိမ်အေးချမ်းသည့် အခြေအနေ၊ လုံခြုံမှုရှိသည့်အခြေအနေများကို ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၃)**

- အဆိုပါဒေသများတွင် ဖြစ်ပွားနေသော အခြေအနေများကို အသုံးချကာ တည်ငြိမ်အေးချမ်းမှုကို လိုလားသော ပြည်သူလူထုတစ်ရပ်လုံးအား အကြောက်တရားနှင့် စိုးရိမ်မှုများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဝါဒဖြန့်ချိမှုများကို ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်လျက်ရှိ။
- မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေး အတွက် လုပ်ဆောင်လျက်ရှိပြီး စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည်ဖြစ်။
- ပြည်သူလူထုအနေဖြင့် အဆိုပါကောလဟလများအပါအဝင် ဝါဒဖြန့်ခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ နားမ ယောင်ရန်၊ မကြောက်ရွံ့ရန်နှင့် လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလို။
- ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မ တော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သား/ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်မိသားစုဝင်အားလုံးကို နိုင်ငံတော် အကြီးအကဲ တပ်မတော်အကြီးအကဲများအနေဖြင့် အမြဲအထူးဂုဏ်ပြုလျက်ရှိ။

## ကိုးကန့်ဒေသ၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ကိုးကန့်ဒေသ၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ တပ်မတော်၏ ဆောင်ရွက်နေမှုအခြေအနေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အောက်ပါအတိုင်း ထုတ်ပြန်ပြောကြားခဲ့ပါသည်။

- နိုဝင်ဘာ ၁၂ ရက်နေ့ ညပိုင်းအထိ ရှမ်းပြည်နယ်၊ အရှေ့မြောက်ဘက်၊ ကိုးကန့်ဒေသ ပါစင်ကျော်နားတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်းနှင့် တပ်မတော်အနေဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။

- MNDAA အဖွဲ့အနေဖြင့် နယ်ခြားမှတ်တိုင် ၁၂၅ နားတွင်ရှိသော စစ်ဘေးရှောင်အဖွဲ့များအား နှစ်နိုင်ငံအထင်အမြင်လွဲမှားအောင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကြောင်းနှင့် ကွမ်းလုံတွင် တပ်မတော်အနေဖြင့် စစ်ဗျူဟာအရဟာပေးခဲ့တာတွေရှိကြောင်း။

- အဆိုပါနေရာများတွင် MNDAA အဖွဲ့က ခိုးကြောင်ခိုးဝှက်လာပြီး ခေတ်ပုံရိုက်ပုံစံမျိုးတွေရှိကြောင်းနှင့် သိန်းနီဘက်တွင် တပ်မတော်အနေဖြင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

- ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် အဝေးမှပစ်ခတ်မှုတွေရှိသဖြင့် တပ်မတော်မှလည်း ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အလောင်းနှင့် လက်နက်များ ကျန်ရှိခဲ့ကြောင်း။

- ထီးချိုင့်မြို့တွင် ထီးချိုင့်မြို့ထဲအထိ KIA၊ PDF တွေ ဝင်ရောက်လာတာရှိပြီး တပ်မတော်အနေနဲ့ ပြန်လည်တိုက်ထုတ်လိုက်ပြီဖြစ်ကြောင်းနှင့် အလောင်း၊ လက်နက်အမြောက်အမြား ရရှိခဲ့ကြောင်း။

တိုက်ပွဲတိုင်းတွင် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေဒေသအသီးသီးမှ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နယ်မြေလုံခြုံရေး၊ ပြည်သူအသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ကြတဲ့ တပ်မတော်သားများ၊ လုံခြုံရေးဆောင်ရွက်နေကြတဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဆက်စပ်မဟာမိတ်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအားလုံးကို အသိအမှတ်ပြုကြောင်းနှင့် ငြိမ်းချမ်းတည်ငြိမ်တဲ့အခြေအနေမျိုးကို ဆက်လက်တည်ဆောက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၁၁-၂၀၂၃)**

- **နိုဝင်ဘာ ၁၂ ရက်နေ့ ညပိုင်းအထိ ရှမ်းပြည်နယ်၊ အရှေ့မြောက်ဘက်၊ ကိုးကန့်ဒေသ ပါစင်ကျော်နားတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်းနှင့် တပ်မတော်အနေဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိ။**

- **ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် အဝေးမှပစ်ခတ်မှုတွေရှိသဖြင့် တပ်မတော်မှလည်း ပြန်လည်ပစ်ခတ်ခဲ့၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အလောင်းနှင့် လက်နက်ကျန်များကျန်ရှိခဲ့။**

- **ထီးချိုင့်မြို့တွင် ထီးချိုင့်မြို့ထဲအထိ KIA၊ PDF တွေ ဝင်ရောက်လာတာရှိပြီး တပ်မတော်အနေနဲ့ ပြန်လည်တိုက်ထုတ်လိုက်ပြီဖြစ်ကြောင်းနှင့် အလောင်း၊ လက်နက်အမြောက်အမြားရရှိခဲ့။**

# စက်သုံးဆီနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




စက်သုံးဆီနှင့်ပတ်သက်၍ စက်သုံးဆီရောင်းခဲ့သည့် ခွဲတမ်းများလျှော့ချသည်ဆိုသည့်အကြောင်းအရာနှင့် ဆီလုံလောက်စွာ မရှိသောကြောင့် စက်သုံးဆီဆိုင်များတွင် ဆီပြတ်လပ်နေပြီဆိုသည့်အကြောင်းအရာများအား ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပများမှသော်လည်းကောင်း ကောလာဟလများ ထုတ်လွှင့်လျက်ရှိပါသည်။

မိမိတို့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့်အတိုင်း ပြည်တွင်း၌ စက်သုံးဆီ၊ စားသုံးဆီ နှစ်မျိုးနှင့်ပတ်သက်ပြီး အလေးထားဆောင်ရွက်လျက်ရှိရာ-

- ပြည်တွင်း၌ စက်သုံးဆီအလုံအလောက်ရှိပြီး အများသုံးနေသော 92 စက်သုံးဆီမှာ လက်ကျန်ဂါလန် ၁၃ သန်းကျော်၊ ဒီဇယ်မှာ ဂါလန်သန်း ၃၀ ကျော်ရှိသည့်အပြင် ဆီတင်သင်္ဘော ၁၅ စင်း ထပ်မံရောက်ရှိရန်ရှိကြောင်း။
- မည်သည့်စက်သုံးဆီအမျိုးအစားမဆို ပြည်တွင်းတွင် တစ်လစာ အရန်ရှိအောင် အမြဲတမ်းဆောင်ရွက်လျက်ရှိကြောင်း။
- စက်သုံးဆီနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ယခင်အတိုင်း ဒေါ်လာဖြင့် ရောင်းချပေးလျက်ရှိကြောင်း။
- ပြည်သူလူထုအနေဖြင့် သတိပြုသင့်သည်မှာ လက်ရှိအချိန်တွင် ဘက်ပေါင်းစုံမှ အချိန်ကိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးအရ သတင်းအမှားများ ထုတ်လွှင့်လျက်ရှိသောကြောင့် ၎င်းသတင်းအမှားတွေကို ယုံမှား၍ သတင်းအဆိပ် မသင့်စေရန် အရေးကြီးကြောင်း။
- သတင်းမှားများနှင့်ပတ်သက်၍ မိမိတို့ဘက်မှ အချိန်မီပြန်ကြားထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း။

စက်သုံးဆီ၊ စားသုံးဆီ စီးပွားရေးလုပ်ငန်းများ၊ ရှမ်းပြည်နယ် (အရှေ့မြောက်ဘက်) ၌ တိုက်ပွဲများ ဖြစ်ပွားနေသည့်အတွက် Boder Trade ကုန်သွယ်မှုနှင့်ပတ်သက်၍ ရပ်တန့်နေခြင်းမှအပ ကျန်လုပ်ငန်းများအားလုံး ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဖျက်အမှောင့်လုပ်ငန်းတွေကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုပူးပေါင်းပြီး ကာကွယ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၃-၁၁-၂၀၂၃)**

- စက်သုံးဆီရောင်းခဲ့သည့် ခွဲတမ်းများလျှော့ချသည်ဆိုသည့်အကြောင်းအရာနှင့် စက်သုံးဆီဆိုင်များတွင် ဆီပြတ်လပ်နေပြီဆိုသည့်အကြောင်းအရာများအား ကောလာဟလများ ထုတ်လွှင့်လျက်ရှိ။
- ပြည်တွင်း၌ အများသုံးနေသော 92 စက်သုံးဆီမှာ လက်ကျန်ဂါလန် ၁၃ သန်း ကျော်၊ ဒီဇယ်မှာ ဂါလန်သန်း ၃၀ ကျော်ရှိသည့်အပြင် ဆီတင်သင်္ဘော ၁၅ စင်း ထပ်မံရောက်ရှိရန်ရှိ။
- ပြည်သူလူထုအနေဖြင့် သတိပြုသင့်သည်မှာ လက်ရှိအချိန်တွင် ဘက်ပေါင်းစုံမှ အချိန်ကိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးအရ သတင်းအမှားများ ထုတ်လွှင့်လျက်ရှိသောကြောင့် ၎င်းသတင်းအမှားတွေကို ယုံမှား၍ သတင်းအဆိပ်မသင့်စေရန် အရေးကြီး။
- သတင်းမှားများနှင့်ပတ်သက်၍ မိမိတို့ဘက်မှ အချိန်မီပြန်ကြားထုတ်လွှင့်ပေးသွားမည်ဖြစ်။

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ




**မန္တလေးမြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပနေမှု**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်အချို့တွင် အောက်တိုဘာလ ၂၇ ရက်မှစ၍ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏မိသားစုဝင်များကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိပါသည်။

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ နိုဝင်ဘာလ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအနီးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက တိုင်းပြည်အလုံးစုံပျက်စီးရေးလုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချကြပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့်




**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများအား ထောက်ခံပွဲကျင်းပနေမှု**



**ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်း၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများအား ထောက်ခံပွဲကျင်းပနေမှု**

ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ခဲ့ကြပါသည်။

ထို့ပြင် နိုဝင်ဘာလ ၈ ရက်၊ ၁၀ နှင့် ၁၁ ရက်တို့တွင်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းနှင့် မန္တလေးမြို့ပေါ်ရှိ လမ်းများ၊ မန္တလေးမြို့အဝင် အဝိုင်းထိပ်၊ မန္တလေးကျုံးဘေး၊ ရောဝတီရတနာပုံတံတား၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ လူငယ်ဘောလုံးကွင်းတို့တွင် အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား အလိုမရှိကြောင်း ရှုတ်ချကြပြီး ရှေ့တန်းရောက်တပ်မတော်သားများအား ထောက်ခံအားပေးမှုကို ဆိုင်းဘုတ်များကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ပွဲများ ကျင်းပခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၁၁-၂၀၂၃)**

**ရန်ကုန်မြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများအား ထောက်ခံပွဲကျင်းပနေသည့် မှတ်တမ်းဓာတ်ပုံများ**






- ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်များတွင် အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား အလိုမရှိကြောင်း ရှုတ်ချကြပြီး ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံအားပေးမှုကို ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ပွဲများ ကျင်းပခဲ့။

**မန္တလေးမြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများအား ထောက်ခံပွဲကျင်းပနေသည့် မှတ်တမ်းဓာတ်ပုံများ**















# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်




အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်း အခမ်းအနားများကို ကျင်းပလျက်ရှိရာ နိုဝင်ဘာလ ၁ ရက်မှ ၁၀ ရက်ထိ-

- မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ စေတနာရှင်အလှူရှင် ၇၁ ဦးက စုစုပေါင်းဂုဏ်ပြု ချီးမြှင့်ငွေ ၆,၆၈၀ သိန်းအား ဂုဏ်ပြုပေးအပ်ခဲ့ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက လက်ခံရယူခဲ့။

အခမ်းအနားအသီးသီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ပြီး စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်းနှင့် နိုဝင်ဘာလ ၁ ရက် မှ ၁၀ ရက်ထိ ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၈၆, ၆၅၉ သိန်းအား ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၁၁-၂၀၂၃)**

- **နိုဝင်ဘာလ ၁ ရက်မှ ၁၀ ရက်ထိ တိုင်းနှင့်ပြည်နယ်အသီးသီးမှ စေတနာရှင် အလှူရှင်များက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၈၆,၆၅၉ သိန်းအား ပေးအပ်လှူဒါန်းခဲ့။**

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများ ထပ်မံပေးပို့လှူဒါန်း




အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် နိုဝင်ဘာလ ၁၂ ရက်တွင် ဒံပေါက်ဘူးများကို ထပ်မံပေးပို့လှူဒါန်းခဲ့ပါသည်။


အဆိုပါ စေတနာရှင်ပြည်သူများလှူဒါန်းသည့် ဒံပေါက်ဘူးများကို လားရှိုးမြို့မှတဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးခဲ့ပါသည်။ ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေကြောင်း၊ တရားသောစစ်အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရှိရပါသည်။


**(မြဝတီသတင်းစာ ၁၃-၁၁-၂၀၂၃)**


- **အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများနှင့်အတူ ဆုတောင်းမေတ္တာစာလွှာများကိုလည်း ပေးပို့ခဲ့။**


## စေတနာရှင်ပြည်သူများလှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများ


















## စေတနာရှင်ပြည်သူများလှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများ





စစ်တိုက်ပေးတဲ့အတွက်
ကျေးဇူးတင်ပါတယ်။
စစ်ပွဲအောင်ပါစေ။
စစ်သားတွေအားလုံး
ကျန်းမာပါစေ။




Thank you for
serving our country!
We are forever grateful
We love you all!!
With love, xx


သို့
နိုင်ငံတော် လုံခြုံရေး နှင့် ကာကွယ်
ရေး တာဝန်ကို အသက်ပေး၍
စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသော
တပ်မတော်သားများ ခင်ဗျား၊
ရှုံးမခံဘဲ တိုက်ပွဲတစ်ရာ၊ အောင်ပွဲ
တစ်ရာ ရရှိပါစေ။ တရားသောစစ်ကို
ဆင်နွှဲနေကြတဲ့ ရှေ့တန်းရောက်
အာဇာနည်စစ်သားတို့အတွက် ထာဝရ
ဂုဏ်ယူလျက် ရှိပါတယ်။
အောင်ပွဲနဲ့အတူ ပြန်လှမ်းလာမယ့်
အချိန်ကို ကောင်းသော ပြုံးနဲ့
သတ်လှမ်းလို့ ကြိုဆိုနေပါမယ်...
မိတို
6/11/2023


မိမိတိုင်းပြည်၊ မိမိလူမျိုး တို့အား အသက်နှင့်ရင်း၍
ကာကွယ်စောင့်ရှောက်နေသော ရှေ့တန်းရောက်
သူရဲကောင်းစစ်သည်များအတွက် - - - - -
တရားသောစစ်ပွဲသည် နောက်ဆုံးအောင်မြင်တတ်၏။
ပျော့ကွက်ချည်နဲ့ချက် အလံမလှဲသည့် စိတ်ဓာတ်ဖြင့်
ရဲရဲဝံ့ဝံ့တိုက်ခိုက်နေသော တပ်မတော်သားများအားလုံး
ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆင်နွှဲသည့်စစ်တိုင်း
အောင်မြင်ကြပါစေ - - - - ။

# စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက်ရှိ




ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် (၁၄၆) ဆိုင် အနက် အချို့ဆိုင်များ၌ နိုဝင်ဘာလ ၁၀ ရက်တွင် ဓာတ်ဆီ 92 RON သည် နေ့စဉ်ပုံမှန်ရောင်းအားထက် ပိုမိုရောင်းအားမြင့် တက်ခဲ့ပြီး ပြည်တွင်းစက်သုံးဆီ သိုလှောင်ထားသည့် Terminal (၃)ခုမှ အရောင်းဆိုင်များအားလုံးသို့ ဖြန့်ဖြူးပေးရာတွင် ဖြန့် ဖြူးနိုင်မှုစွမ်းအားအရ အလျင်မမှီခဲ့ခြင်းကြောင့် စက်သုံးဆီပြတ် လတ်မှုဖြစ်ပေါ်ခဲ့ရာ ယင်းနေ့ညတွင်းချင်းပင် Urgent စနစ်ဖြင့် ဖြည့်တင်းပေးခဲ့ပါသည်။

ပြည်တွင်း၌ စက်သုံးဆီလုံလောက်မှုရှိအောင် စီမံ ဆောင်ရွက်ထားရှိပြီး လက်ရှိတွင် အများသုံးဓာတ်ဆီဖြစ် သော 92 RON ဂါလံ (၁၃)သန်းကျော်၊ 95 RON ဂါလံ ၃ သန်း ကျော်၊ 97 RON ၁ ဒသမ ၄ သန်းကျော်၊ ရိုးရိုးဒီဇယ် ၂၉ သန်း ကျော်နှင့် ပရီမီယမ်ဒီဇယ် သန်း ၂၀ ကျော် ကျန်ရှိကြောင်း သိရှိ ရကာ ပြတ်လပ်မှုမရှိစေရေး အချိန်မီ ဆက်လက်ဖြန့်ဖြူးပေး လျက်ရှိသည့်အပြင် နိုဝင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် လည်း ဆီတင်သင်္ဘော(၄)စီး ဆိုက်ကပ်ခဲ့ပြီး ထပ်မံရောက်ရှိ လာမည့် ဆီတင်သင်္ဘော (၁၅) စီးရှိကြောင်းနှင့် ထပ်မံရောက် ရှိလာမည့် ဆီတင်သင်္ဘောများမှ စက်သုံးဆီများကိုလည်း အချိန် နှင့်တစ်ပြေးညီ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီများဖူလုံစွာရရှိ ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းတွင် မည်သည့်စက်သုံးဆီအမျိုးအစားမဆို အရန် ၁ လစာ ကျန်ရှိ အောင် အမြဲဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကာလသည် ခရီးသွားရာသီဖြစ်၍ ခရီးသွားများနှင့် အများပြည်သူများ စက် သုံးဆီပြတ်လပ်မှုမရှိစေရေး စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့် ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ အနီးကပ်ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၁၁-၂၀၂၃)**

- **နိုဝင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်နေ့တို့တွင် စက်သုံးဆီတင်သင်္ဘော ၄ စီး ဆိုက်ကပ်ခဲ့ပြီး စက်သုံးဆီတင်သင်္ဘော ၁၅ စီး မကြာမီထပ်မံရောက်ရှိဆိုက်ကပ်မည်ဖြစ်။**
- **နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီများဖူလုံစွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းတွင် မည်သည့်စက်သုံးဆီအမျိုးအစားမဆို အရန် ၁ လစာ ကျန်ရှိအောင် အမြဲဆောင်ရွက်လျက်ရှိ။**

# PDF အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ်၊ မြင်းချင်းကျေးရွာရှိ မင်္ဂလာဆောင်ပွဲနှင့် သီးလုံးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ ဆွမ်းကျွေးအလှူပွဲကို Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်







**ဖြစ်စဉ်နေရာပြ မြေပုံများ**

PDF အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့အဖွဲ့အား ထောက်ခံအားပေးမှုမရှိသည့် မြို့နယ်များအတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများ သွားလာရာ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများသို့ လက်နက်ကြီး၊ Drop Bomp များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိပါသည်။ ထိုသို့လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာလ ၈ ရက်တွင်-

- စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မြင်းချင်းကျေးရွာရှိ ဦးစိုးပိုင်၏ နေအိမ်၌ မင်္ဂလာဆောင်ပွဲပြုလုပ်နေစဉ် PDF အကြမ်းဖက်သမားများက ကျေးရွာ၏မြောက်ဘက်မှနေ၍ Drone များ အသုံးပြုကာ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ ဗုံးသီးကျရောက်ပေါက်ကွဲမှုကြောင့် မင်္ဂလာဆောင်သို့ ရောက်နေသည့် ဒေသခံပြည်သူ အမျိုးသား ၁ ဦး သေဆုံးပြီး အသက် ၁၀ လ အရွယ် ကလေးငယ် တစ်ဦး အပါအဝင် စုစုပေါင်း ၁၆ ဦး ဗုံးစထိမှန် ဒဏ်ရာများ ရရှိခဲ့။
- ရွှေဘိုမြို့နယ်၊ သီးလုံးကျေးရွာရှိ မင်းကြီးဘုန်းတော်ကြီးကျောင်းတိုက်၌ ဆွမ်းကျွေးပြုလုပ်နေစဉ် PDF အကြမ်းဖက်သမားများက Drone များ အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ ဗုံးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် ဆွမ်းကျွေးအလှူပွဲသို့ ရောက်ရှိနေသည့် သံဃာတော် ၁ ပါး နှင့် အမျိုးသမီး ၁ ဦးတို့ ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့။

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သူများအား ရွှေဘိုမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၁-၂၀၂၃)**

- **PDF အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ်၊ မြင်းချင်းကျေးရွာရှိ မင်္ဂလာဆောင်ပွဲသို့ Drone များ အသုံးပြုကာ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အမျိုးသား ၁ ဦး သေဆုံးပြီး အသက် ၁၀ လ အရွယ် ကလေးငယ် တစ်ဦးအပါအဝင် စုစုပေါင်း ၁၆ ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့။**
- **ရွှေဘိုမြို့နယ်၊ သီးလုံးကျေးရွာရှိ မင်းကြီးဘုန်းတော်ကြီးကျောင်းတိုက်၌ ဆွမ်းကျွေးပြုလုပ်နေစဉ် PDF အကြမ်းဖက် သမားများက Drone များ အသုံးပြုကာ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် သံဃာတော် ၁ ပါး နှင့် အမျိုးသမီး ၁ ဦးတို့ ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့။**